# မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်း**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်      )**
**၁၃၈၀ ခုနှစ်၊      လ၊      ရက်**
**(၂၀၁၉ ခုနှစ်၊      လ၊      ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြေအောက်ရေ**ဆိုသည်မှာ မြေမျက်နှာပြင်အောက်ရှိ ရေအောင်းလွှာအတွင်း တည်ရှိသောရေကို ဆိုသည်။ ဤစကားရပ်တွင် မြစ်၊ ချောင်း၊ ကန် စသည်တို့၏ ရေအောက်ကြမ်းပြင်အောက်ရှိ ရေအောင်းလွှာအတွင်း တည်ရှိသောရေနှင့် နယ်စပ်ဖြတ်ကျော် ရေအောင်းလွှာအတွင်း တည်ရှိသောရေလည်း ပါဝင်သည်။

(ခ) **မြေအောက်ရေထုတ်ယူသုံးစွဲခြင်း**ဆိုသည်မှာ မြေအောက်ရေကို စက်အင်အားအသုံးပြု၍ တစ်နည်းနည်းဖြင့် ထုတ်ယူသုံးစွဲခြင်းကို ဆိုသည်။

(ဂ) **မြေအောက်ရေစီမံခန့်ခွဲမှု**ဆိုသည်မှာ မြေအောက်ရေ ထုတ်ယူသုံးစွဲခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်အား စီမံခန့်ခွဲမှုကိုဆိုသည်။

(ဃ) **မြေအောက်ရေထိန်းသိမ်းခြင်း** ဆိုသည်မှာ မြေအောက်ရေ၏ ရေရှည်ထုတ်ယူသုံးစွဲသွားနိုင်မှု အရည်အသွေးနှင့် ရေ၏သဘာဝ စနစ် တည်တံ့စေရေးတို့ကို ထိန်းသိမ်းကာကွယ်ခြင်းကို ဆိုသည်။

(င) **စက်ရေတွင်း**ဆိုသည်မှာ မြေမျက်နှာပြင်အောက်ရှိ ရေအောင်းလွှာနှင့် ရေကြောအတွင်း တည်ရှိသောရေကို ပိုက်ချ၍ထုတ်ယူသော အရပ်အခေါ် အဝီစိတွင်းကိုဆိုသည်။ ယင်းစကားရပ်တွင် အပေါ်ဆုံး ရေအောင်းလွှာနှင့် ရေကြောအတွင်း တည်ရှိသောရေကို ထုတ်ယူသည့် တွင်းတိမ်များ မပါဝင်ပါ။

(စ) **ရေလျှံတွင်း**ဆိုသည်မှာ စွမ်းအင်တစ်စုံတစ်ရာ သုံးစွဲရန် မလိုအပ်ဘဲ သဘာဝအလျောက် ရေလျှံထွက်ရှိနေသော စက်ရေတွင်းကို ဆိုလိုသည်။

(ဆ) **ရေလျှံဇုန်**ဆိုသည်မှာ ဗဟိုကော်မတီက သတ်မှတ်ထားသည့် သဘာဝအလျောက် ရေလျှံတွင်းများတူးဖော်ရရှိနိုင်သော ဧရိယာကို ဆိုလိုသည်။

(ဇ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြေအောက်ရေကြီးကြပ်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသည့် မြေအောက်ရေကြီးကြပ်ထိန်းသိမ်းရေးဗဟိုကော်မတီကို ဆိုသည်။

(ဈ) **လုပ်ငန်းအဖွဲ့**ဆိုသည်မှာ ဗဟိုကော်မတီက ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် မြို့နယ်အလိုက် ဖွဲ့စည်းသည့် မြေအောက်ရေ ကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့များကို ဆိုသည်။

(ည) **မြေအောက်ရေအရည်အသွေး**ဆိုသည်မှာ မြေအောက်ရေ၏ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေး၊ ဓာတုပိုင်းဆိုင်ရာ အရည်အသွေး၊ အဏုဇီဝဆိုင်ရာ အရည်အသွေး၊ ပိုးမွှားဗေဒဆိုင်ရာ အရည်အသွေး၊ ရေဒီယိုဓာတ်သတ္တိဆိုင်ရာ အရည်အသွေးကိုဆိုသည်။

(ဋ) **တူးဖော်ခွင့်ပြုမိန့်**ဆိုသည်မှာ မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရန် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့က စည်းကမ်းသတ်မှတ်ချက်ဖြင့် ထုတ်ပေးသော စက်ရေတွင်းတူးဖော်ခွင့်ပြုသည့် အမိန့်ကို ဆိုသည်။

(ဌ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ မြေအောက်ရေ ထုတ်ယူရေးအတွက် ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ထုတ်ပေးသော စက်ရေတွင်းတူးဖော်ခြင်းဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ဍ) **သုံးစွဲခွင့်ပြုမိန့်**ဆိုသည်မှာ တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သော စက်ရေတွင်းမှ ထွက်ရှိသည့် မြေအောက်ရေ၏ အရည်အသွေးကို စစ်ဆေးပြီးနောက် အိမ်သုံးအတွက်ဖြစ်စေ၊ စိုက်ပျိုးမွေးမြူရေး အပါအဝင် စီးပွားရေးလုပ်ငန်းသုံးအတွက်ဖြစ်စေ ထုတ်ယူသုံးစွဲခြင်းပြုရန် စည်းကမ်းသတ်မှတ်ချက်ဖြင့် ခွင့်ပြုသည့်အမိန့်ကို ဆိုသည်။

(ဎ) **အိမ်သုံး**ဆိုသည်မှာ တွင်းဝအချင်း ၂ လက်မထက် မပိုသော စက်ရေတွင်းမှ ထုတ်ယူသုံးစွဲခြင်းကို ဆိုသည်။

(ဏ) **လုပ်ငန်းသုံး**ဆိုသည်မှာ တွင်းဝအချင်း ၂ လက်မ သို့မဟုတ် ယင်းထက်ပိုသော စက်ရေတွင်းမှ တစ်ရက်လျှင် ၃၀၀၀ ဂါလန် ထက်ပို၍ ထုတ်ယူသုံးစွဲခြင်းကိုဆိုသည်။

(တ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကိုဆိုသည်။

(ဒ) **ဦးစီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီက တာဝန်ပေးအပ်သည့် ဦးစီးဌာနကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြေအောက်ရေကို သက်ရှိလောကအတွက် အရေးကြီးသော သဘာဝအရင်းအမြစ်တစ်ခုအဖြစ် နားလည်တန်ဖိုးထားတတ်စေရန်၊

(ခ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ စနစ်တကျ ထုတ်ယူသုံးစွဲခြင်းပြုရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်နှင့် အသိပညာဖြန့်ဖြူးရန်၊

(ဂ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စနစ်တကျထုတ်ယူသုံးစွဲခြင်းဖြင့် လူတို့၏ လုပ်ရပ်များကြောင့် မြေအောက်ရေ လျော့နည်းဆုံးရှုံးရာမှ သောက်သုံးရေရှားပါးမှု အန္တရာယ် ကြိုတင်ကာကွယ်ရန်၊

(ဃ) မြေအောက်ရေ၏ ရေရှည်ထုတ်ယူသုံးစွဲသွားနိုင်မှု၊ အရည်အသွေးနှင့် ရေ၏သဘာဝစနစ် တည်တံ့စေရေးတို့ကို ထိန်းသိမ်းကာကွယ်ရန်၊

(င) ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းသည့် သောက်ရေ၊ သုံးရေကို ပြည်သူများ ထုတ်ယူသုံးစွဲနိုင်စေရန်၊

(စ) မြေအောက်ရေစီမံခန့်ခွဲမှုလုပ်ငန်းကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျွမ်းကျင်သူပညာရှင်များနှင့် လိုအပ်သလို ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်ရန်၊

(ဆ) မြေအောက်ရေစီမံခန့်ခွဲမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း(၃)
## ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည်-

(က) မြေအောက်ရေစီမံခန့်ခွဲမှုဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ
(၂) ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(၃) ပြည်ထောင်စုဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ — ဒုတိယဥက္ကဋ္ဌ
(၄) ပြည်ထောင်စု ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ — အဖွဲ့ဝင်
(၅) ပြည်ထောင်စု ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ — အဖွဲ့ဝင်
(၆) ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ — အဖွဲ့ဝင်
(၇) ပြည်ထောင်စုဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ — အဖွဲ့ဝင်
(၈) နေပြည်တော်ကောင်စီဝင်၊ နေပြည်တော်ကောင်စီ၊ — အဖွဲ့ဝင်
(၉) ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ — အဖွဲ့ဝင်
(၁၀) ညွှန်ကြားရေးမှူးချုပ်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၁၁) ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန — အဖွဲ့ဝင်
(၁၂) ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန — အဖွဲ့ဝင်
(၁၃) ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန — အတွင်းရေးမှူး
(၁၄) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး(၁)
(၁၅) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး(၂)

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြေအောက်ရေ ကြီးကြပ်ခြင်းနှင့် မြေအောက်ရေထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

(ခ) မြေအောက်ရေနှင့် စပ်လျဉ်းသည့် အချက်အလက်များ စုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ သုတေသနပြုခြင်းတို့နှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ ဆောင်ရွက်ချက်ကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကို အသုံးချရာတွင် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကွပ်ကဲရေးစနစ် ထားရှိခြင်း၊

(ဂ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊ လူနှင့် ပတ်ဝန်းကျင် မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဃ) မြေအောက်ရေကြီးကြပ်ခြင်းနှင့် မြေအောက်ရေထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းပညာ၊ ငွေကြေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများလိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ မြေအောက်ရေကျွမ်းကျင်ပညာရှင်များနှင့် အဖွဲ့အစည်းများထံမှ အကူအညီရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းနှင့် မြေအောက်ရေကြီးကြပ်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(စ) မိမိ၏လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သင့်လျော်သောလုပ်ငန်းတာဝန်များကို ဦးစီးဌာနအား လွှဲအပ်တာဝန်ပေးခြင်း၊

(ဆ) အစိုးရအဖွဲ့ကပေးအပ်သော မြေအောက်ရေကြီးကြပ်ခြင်းနှင့် မြေအောက်ရေထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်-

(က) ဝန်ကြီးချုပ်၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ — ဥက္ကဋ္ဌ

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီးတစ်ဦး၊ — ဒုတိယဥက္ကဋ္ဌ

(ဂ) ညွှန်ကြားရေးမှူးများ သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူးများ — အဖွဲ့ဝင်
(၁) နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊
(၂) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊
(၃) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊
(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊
(၅) ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
(၆) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
(၇) စည်ပင်သာယာရေးဦးစီးဌာန

(ဃ) အတွင်းရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ — အတွင်းရေးမှူး

(င) ညွှန်ကြားရေးမှူး၊ ဘူမိဗေဒ လေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး
(မှတ်ချက်။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန မရှိသည့် တိုင်းနှင့် ပြည်နယ်များတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ညွှန်ကြားရေးမှူး များကို ထည့်သွင်းဖွဲ့စည်းရန်။)

*(ဆက်လက်ဖော်ပြပါမည်)*